## Kaung Htet Aung

I'm Kaung Htet Aung, 29 years old, Bama, and divorced. My wife left me in 2018.

I come from a very proud family of civil servants. I was always around the military growing up. I joined the military to be a good civil servant and to do my family and the public proud. I graduated as a private from training and became a production professional at an armaments factory. We manufactured a lot of mortar shells there. I think if I did not go into public service and join the army, I would have gone into metal work. It's interesting.

Over time I came to see a lot of problems with the military. I began to feel ashamed that the arms I manufactured were being used to kill ethnic minorities. I did not kill anyone with my own hands, but I was culpable. I failed these people. I would prefer to go to remote areas of Myanmar and help these people being victimized by the military, if not help them financially, then at least physically, however I can, rather than make bombs to kill them.

When Senior General Min Aung Hlaing took over as commander-in-chief of the armed forces, I was initially happy. I thought he was a disciplined general and I enjoyed his speeches. I thought he was going to change the military for the better. I thought he would change the rules and soldiers would stop burning down villages like they used to do. Now, after the 2021 coup and the horrors that he has perpetuated, I do not even know which words to use to describe him.

Before he showed his true colors, in the months between the 2020 elections and the coup, there was a lot of talk about election fraud on the part of the National League for Democracy (NLD). I never believed it for a second. In the 2015 elections, my fellow soldiers and I were taken in front of our commander and were forced to vote for the Union Solidarity and Development Party (USDP). We had no choice. We called these "pointed votes". That

is what happened in 2015. That is actual voter fraud. And they didn't even win after getting us to vote three, even four times.

They did this in 2020 also but I managed to avoid it as I was outside of the base on election day. I voted freely for the NLD; I know that if they are in power, our country and our lives will eventually change for the better. I saw the will of the people on the outside in 2020. Although I am no expert, I saw how the election was being run cleanly and fairly. But the military could not accept that their proxy party, the USDP, still lost even after cheating with their own "pointed votes".

At first, the Senior General said he would accept the results of the election, but after the election... As soldiers we are even told by our superiors to steer clear of politics while we serve in the army. Ha! Then why are the generals doing this? Always interfering? How can anyone trust them?

And then after the coup, all this killing of civilians. I can't live with it. The army slaughtered peaceful protesters on the public street like it was a battlefield. As if the protesters were the enemy. Commanders told their soldiers to shoot protesters in the head. If I had been deployed, I could never have done it. I felt so much resentment when the killings started. There is absolutely no justification for this, ever. It's nonsense. We pledged an oath to protect the people. Not to kill them. These soldiers who murder innocents are being cut down by their own oath.

I tried to get out on 10 May 2021. I did not have contact with any organizations who could help me. I just took my motorbike and rode off to another town. The problem was that I didn't have any money. I went back my family home to get some cash, but on the way back I ran out of fuel. It was terrible luck, but the place I had to buy fuel from was actually a military-appointed administrator's shop, and he recognized me, called my local battalion and told them I had joined a People's Defense Force and had come to kill him.

Well, the soldiers who came to apprehend me happened to be from my base and know me pretty well. They told me to come back to the base quietly and it would be OK. I went back with them. I mean, there were twenty of them, I did not have much

choice. They threw me in the base prison for six weeks. But when I was released, I found out that the commander did not report my actions to his superiors. He was giving me another chance. I was reappointed to my original duties.

I kept manufacturing mortar shells, but I was resolved to leave the army. The next time, I did it properly. I contacted the People's Soldiers organization and planned my escape out thoroughly. I waited three months until 6 September, and then I bolted. It was the Taw Thalin new moon day and I left the base at 2AM. I quietly pushed my bike through the local forest to a nearby town, where I left it with a friend. Would you believe my luck? The very next day the National Unity Government announced "D-Day". I had planned for checkpoints, but there was much more scrutiny than I had expected. I had to share a car with soldiers at one point, and my wallet was stolen while I was on a bus. But with the help of some kind strangers, I made it all the way to the liberated areas.

If I had of been caught that second time, I don't know what they would have done to me. I was really afraid for my family and for myself. I didn't know what kind of future awaited me. Although my family supported my decision, they still live close to the army, and they can never support me openly. What helped me along is the fact that the public was on my side. I even disclosed to some people on the way the truth about my journey, and they bought me meals, telling me they were proud of me.

Now I work hard for the People's Soldiers organization. I hope that more soldiers stand on the side of the people. For those who want to leave but are afraid, I say: trust People's Soldiers. We will solve your difficulties. Everything will work out just fine. Once the revolution is successful, I will continue my life as a civilian, but until then, I will assist the People's Soldiers and join in their missions. This is my life now.



# ကောင်းထက်အောင်

ကျွန်တော့်နာမည်က ကောင်းထက်အောင်ဖြစ်ပြီးတော့ အသက်က ၂၉ နှစ်ပါ။ ဗမာလူမျိုး အိမ်ထောင်ကွဲထားပါတယ်။ ကျွန်တော့်အမျိုးသမီးက ကျွန်တော့်ကို ၂၀၁၈ မှာ ထားသွားတာပါ။

ကျွန်တော်က မျိုးရိုးစဉ်ဆက် နိုင်ငံ့ဝန်ထမ်းလုပ်လာတဲ့ မိသားစုကပါ။ ကျွန်တော်ငယ်ငယ်ကတည်းက ကျွန်တော်တို့အသိုင်းအဝိုင်းက တပ်နားမှာပဲ ရှိခဲ့တာပါ။ တပ်ထဲကိုဝင်ခဲ့တာက နိုင်ငံ့ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်ပြီးတော့ ကျွန်တော့်မိသားစုနဲ့ ပြည်သူတွေအတွက် ဂုဏ်ရှိတဲ့သူတစ်ယောက် ဖြစ်ချင်ခဲ့လို့ပါ။ တပ်သားအဆင့်နဲ့ သင်တန်းဆင်းခဲ့ပြီးတော့ ကာကွယ်ရေးပစ္စည်းထုတ်စက်ရုံမှာ လက်နက်ထုတ်လုပ်ရေး ပညာသည်အနေနဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့ ဗုံးသီးတွေ အများကြီး ထုတ်လုပ်ခဲ့တယ်။ ကျွန်တော်သာ နိုင်ငံ့ဝန်ထမ်းနယ်ပယ်ဘက်မရောက်ဘဲနဲ့ တပ်ထဲမဝင်ဖြစ်ခဲ့ရင် တွင်ခုံပိုင်းဖက်ကို လုပ်ဖြစ်ခဲ့မယ်ထင်ပါတယ်။ ကျွန်တော်က အဲ့ဒီအပိုင်းကို စိတ်ဝင်စားတယ်လေ။

တပ်ထဲမှာ ကြာလာတာနဲ့အမျှ စစ်တပ်ထဲမှာရှိနေတဲ့ပြဿနာတွေကို ကျွန်တော် သတိထားမိလာတယ်။ ကျွန်တော်ထုတ်လုပ်လိုက်တဲ့ လက်နက်တွေကို တိုင်းရင်းသားလူနည်းစုတွေကိုသတ်ဖို့ သုံးနေတဲ့အပေါ် ကျွန်တော် တဖြည်းဖြည်း ရှက်လာပါတယ်။ ကျွန်တော့်လက်နဲ့ ကိုယ်တိုင် ဘယ်သူ့ကိုမှ မသတ်ခဲ့ဖူးပေမယ့် ကျွန်တော့်အပြစ် မကင်းခဲ့ဘူး။ ကျွန်တော် အဲ့ဒီလူတွေအပေါ်

တာဝန်မကျေခဲ့ဘူး။ စစ်တပ်က နိုင်ထက်စီးနင်းပြုမူနေတဲ့ လူတွေကိုသတ်ဖို့ ဗုံးတွေထုတ်လုပ်မယ့်အစား သူတို့ရှိတဲ့ အစွန်အဖျားဒေသတွေကိုသွားပြီး ငွေကြေးနဲ့ မကူညီနိုင်ရင်တောင်မှ လုပ်အားနဲ့ ကူညီပေးချင်ပါတယ်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်စစ်တပ်ရဲ့ ကာချုပ်နေရာကို ရောက်လာတော့ စစချင်း ကျွန်တော် တော်တော်ပျော်ခဲ့ပါတယ်။ သူက စည်းကမ်းပြည့်ဝတဲ့ ဗိုလ်ချုပ်တစ်ဦးလို့ ကျွန်တော်ထင်ခဲ့ပြီးတော့မှ သူ့ရဲ့မိန့်ခွန်းတွေကို သဘောကျခဲ့ပါတယ်။ တပ်မတော်ကြီးကို ပိုကောင်းလာအောင် ပြုပြင်ပြောင်းလဲမယ်လို့ ထင်ခဲ့ပါတယ်။ သူ့အနေနဲ့ စည်းမျဉ်းစည်းကမ်းတွေကိုပြင်ပြီး အရင်လိုမျိုး စစ်သားတွေက အိမ်တွေကို မီးရှို့နေတာမျိုးတွေ မဖြစ်တော့ဘူးလို့ ထင်ခဲ့ပါတယ်။ အခု ၂၀၂၁ အာဏာသိမ်းပြီးနောက်ပိုင်း သူကျူးလွန်နေတဲ့ ရက်စက်မှုတွေကိုကြည့်ပြီး ကျွန်တော် သူ့ကို ဘယ်စကားလုံးနဲ့ နှိုင်းပြောရမလဲတောင် မသိတော့ပါဘူး။ သူ့ရဲ့မျက်နှာဖုံး မကွာကျသွားခင် ၂၀၂၀ ရွေးကောက်ပွဲပြီးတော့ အာဏာသိမ်းမှု မဖြစ်ခင်စပ်ကြားမှာ National League for Democracy (NLD) က မဲလိမ်တယ်ဆိုတဲ့ကိစ္စကို အပြောများလာကြပါတယ်။ ကျွန်တော်ကတော့ လုံးဝမယုံခဲ့ပါဘူး။ ၂၀၁၅ ရွေးကောက်ပွဲမှာတုန်းကဆိုရင် ကျွန်တော်ရော၊ တခြားတပ်သားတွေပါ တပ်ရင်းမှူးရှေ့ကို ခေါ်ခံရပြီး Union Solidarity and Development Party (USDP) ကို မဲပေးဖို့ ဖိအားပေးခံခဲ့ရပါတယ်။ ကျွန်တော်တို့မှာ ရွေးချယ်စရာ မရှိခဲ့ပါဘူး။ အဲ့ဒီမဲတွေကိုကျွန်တော်တို့က “လက်ထောက်မဲ” လို့ ခေါ်ပါတယ်။ ၂၀၁၅ မှာ အဲ့ဒီလိုတွေ

ဖြစ်ပျက်ခဲ့တာပါ။ အဲ့ဒါကမှ တကယ့်မဲလိမ်တာပါ။ အဲ့ဒီလိုမျိုး ကျွန်တော်တို့ကို မဲ၃-၄ ကြိမ် ပေးခိုင်းတာတောင်မှ သူတို့ ရွေးကောက်ပွဲမှာ မနိုင်ခဲ့ပါဘူး။

၂၀၂၀ ရွေးကောက်ပွဲမှာလည်း သူတို့ အဲ့ဒီလိုမျိုး လုပ်ခဲ့ပေမယ့် ရွေးကောက်ပွဲနေ့မှာ ကျွန်တော်က တပ်ရင်းအပြင်ရောက်နေလို့ လက်ထောက်မဲကိုတော့ ရှောင်နိုင်ခဲ့ပါတယ်။ ကျွန်တော် NLD ကို မဲပေးခဲ့ပြီးတော့ NLD သာ အာဏာရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ရဲ့ဘဝတွေ တဖြည်းဖြည်း ပိုကောင်းလာမယ်ဆိုတာ ကျွန်တော်သိခဲ့ပါတယ်။ ၂၀၂၀ မှာ ပြည်သူတွေရဲ့စိတ်ဆန္ဒကို အပြင်မှာ တကယ်တွေ့ခဲ့ပါတယ်။ ကျွန်တော်က ကျွမ်းကျင်သူမဟုတ်ပေမယ့် ဒီရွေးကောက်ပွဲက သန့်သန့်ရှင်းရှင်း မျှမျှတတဖြစ်တဲ့ ရွေးကောက်ပွဲဆိုတာကိုတော့ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ စစ်တပ်က သူတို့ရဲ့လက်ဝေခံပါတီ USDP က ရွေးကောက်ပွဲမှာ “လက်ထောက်မဲ” တွေနဲ့ ညစ်ခဲ့တာတောင်မှ အနိုင်မရခဲ့တာကို လက်မခံနိုင်ခဲ့ပါဘူး။

အရင်ကတော့ ကာကွယ်ရေးဦးစီးချုပ်က ရွေးကောက်ပွဲရလဒ်ကို လက်ခံမယ်လို့ပြောခဲ့ပေမယ့် ရွေးကောက်ပွဲ ပြီးသွားတဲ့နောက်မှာကျ...။ ကျွန်တော်တို့စစ်သားတွေကိုကျတော့ တပ်ထဲမှာ တာဝန်ထမ်းဆောင်ရင် နိုင်ငံရေးမလုပ်ရဘူးလို့ ပြောထားတယ်။ အဲ့ဒါဆို ဒီဗိုလ်ချုပ်တွေကကျတော့ ဘာလို့လုပ်နေတာလဲ။ အမြဲတမ်း ဝင်ရှုပ်နေတယ်။ သူတို့ကို ဘယ်လိုယုံကြည်ရမှာလဲ။ အာဏာသိမ်းပြီးနောက်ပိုင်းကျတော့ အရပ်သားပြည်သူတွေကို သတ်ခဲ့တယ်။ ကျွန်တော် ဆက်ပြီး မနေနိုင်တော့ဘူး။ စစ်မြေပြင်မှာလိုမျိုးကို ငြိမ်းငြိမ်းချမ်းချမ်းဆန္ဒပြနေသူတွေကို

ပစ်သတ်ခဲ့တာ။ မသိရင် ဆန္ဒပြသူတွေက ရန်သူကျနေတာပဲ။ အရာရှိတွေက သူတို့ရဲ့စစ်သားတွေကို ဆန္ဒပြသူတွေခေါင်းကိုပစ်ဖို့ ပြောခဲ့တယ်။ ကျွန်တော့်ကိုသာ အဲ့ဒီလိုသွားလုပ်ခိုင်းရင် လုပ်နိုင်ခဲ့မှာ မဟုတ်ဘူး။ သတ်ဖြတ်တာတွေ စလာတော့ ကျွန်တော် အရမ်းနာကျည်းခဲ့တယ်။ အဲ့ဒီလုပ်ရပ်တွေအတွက် ဘယ်တော့မှ တရားမျှတတယ်ဆိုတာ မရှိဘူး။ လုံးဝကို အဓိပ္ပာယ်မရှိတဲ့ ကိစ္စတွေ။ အဲ့ဒီလို အပြစ်မရှိတဲ့သူတွေကိုသတ်တဲ့ စစ်သားတွေက ကိုယ်ဆိုခဲ့တဲ့သစ္စာ ပြန်စူးမှာ။

ကျွန်တော် ၂၀၂၁ မေလ ၁၀ ရက်မှာထွက်ဖို့ ကြိုးစားခဲ့ပါတယ်။ ကျွန်တော့်ကို ကူညီပေးမယ့် ဘယ်အဖွဲ့အစည်းနဲ့မှ အချိတ်အဆက်မရှိခဲ့ပါဘူး။ ကျွန်တော့်ဆိုင်ကယ်ကိုယူပြီး တခြားမြို့ကို စီးထွက်ခဲ့ပါတယ်။ ပြဿနာက ကျွန်တော့်မှာ ပိုက်ဆံမပါလာခဲ့တာနဲ့ မိသားစုအိမ်ကိုပြန်ပြီး သွားယူဖို့လုပ်တဲ့အချိန် အပြန်လမ်းမှာ ဆိုင်ကယ်ဆီ ပြတ်သွားခဲ့တယ်။ ကံဆိုးချင်တော့ ကျွန်တော်ဆီဝယ်ဖို့သွားလိုက်တဲ့နေရာက စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးအိမ် ဖြစ်နေပါတယ်။ သူက ကျွန်တော့်ကို မှတ်မိသွားပြီးတော့ ကျွန်တော်က PDF နဲ့ ပေါင်းပြီး သူ့ကို လာသတ်ပါတယ်ဆိုပြီး ကျွန်တော့်ရဲ့တပ်ရင်းကို လှမ်းတိုင်ခဲ့ပါတယ်။

ကျွန်တော့်ကိုလာဖမ်းတဲ့စစ်သားတွေကလည်း ကျွန်တော့်တပ်ရင်းက ဖြစ်နေပြီး ကျွန်တော့်ကို မှတ်မိနေကြတယ်။ တပ်ထဲပြန်လိုက်ခဲ့ရင် ဘာမှမဖြစ်ဘူးလို့ သူတို့ ကချော့ခေါ် ခဲ့ပါတယ်။ အင်အား အယောက် ၂၀ လောက်နဲ့ လာတာဆိုတော့ ကျွန်တော့်မှာ ရွေးစရာမရှိခဲ့ဘူး။ တပ်ထဲပြန်ရောက်သွားတော့ တပ်ရင်းက

အချုပ်ထဲမှာ ကျွန်တော့်ကို ၆ ပတ်လောက် ထည့်ထားခဲ့ပါတယ်။ ပြန်ထွက်လာတော့ ကျွန်တော့်အရာရှိက ကျွန်တော့်ကိစ္စကို အထက်ကိုမတင်ပြခဲ့ဘူးဆိုတာ သိလိုက်ရတယ်။ သူက ကျွန်တော့်ကို အခွင့်အရေး နောက်တစ်ကြိမ်ပေးခဲ့ပြီး ကျွန်တော့်မူလတာဝန်တွေ ပြန်ထမ်းဆောင်ခဲ့ရပါတယ်။

ဗုံးသီးတွေ ဆက်ထုတ်နေခဲ့ရပေမယ့် စစ်တပ်ကနေထွက်ဖို့တော့ ကျွန်တော် ဆုံးဖြတ်ပြီးသွားပါပြီ။ နောက်တစ်ခေါက်ထွက်တော့ ကျွန်တော် သေချာလုပ်ခဲ့ပါတယ်။ ပြည်သူ့စစ်သားအဖွဲ့နဲ့ ချိတ်ဆက်ခဲ့ပြီး ကျွန်တော့်ထွက်လမ်းကို သေချာ စီစဉ်ခဲ့ပါတယ်။ စက်တင်ဘာ ၆ ရက်နေ့အထိ ၃ လကြာ ကျွန်တော်စောင့်ခဲ့ပြီး ထပ်ထွက်ပြေးခဲ့ပါတယ်။ အဲ့ဒီနေ့က တော်သလင်းလကွယ်နေ့ဖြစ်ပြီးတော့ ကျွန်တော်စခန်းကနေ မနက် ၂ နာရီမှာ ထွက်ခဲ့ပါတယ်။ အနီးနားက မြို့တစ်မြို့ကိုရောက်တဲ့အထိ ဆိုင်ကယ်ကို တောထဲက ဖြတ်တွန်းခဲ့ပြီးတော့ အဲ့ဒီမြို့မှာရှိတဲ့ သူငယ်ချင်းတစ်ယောက်အိမ်မှာ ထားခဲ့ပါတယ်။ ကံကဆိုးချင်တော့ နောက်နေ့မှာ NUG ကနေ “D-Day” ကြေညာပါလေရော။ ကျွန်တော်စစ်ဆေးရေးဂိတ်တွေအတွက် ပြင်ဆင်ထားပေမယ့် မျှော်လင့်ထားတာထက်ပိုပြီး အစစ်အဆေး များခဲ့ပါတယ်။ ခရီးလမ်းမှာ စစ်သားတွေနဲ့အတူ ကားစီးခဲ့ရတာလည်းရှိပြီးတော့ ပိုက်ဆံအိတ်လည်း ဘတ်စ်ကားပေါ်မှာ အခိုးခံခဲ့ရပါတယ်။ ဒါပေမဲ့ သဘောကောင်းတဲ့လူတချို့ရဲ့အကူအညီနဲ့ လွတ်မြောက်နယ်မြေကို ရောက်လာခဲ့ပါတယ်။

ကျွန်တော် ဒုတိယအကြိမ်ထပ် အဖမ်းခံခဲ့ရရင် ကျွန်တော့်ကို ဘာလုပ်ကြမလဲတောင် မသိဘူး။ မိသားစုအတွက်ရော

ကျွန်တော့်ကိုယ်တိုင်အတွက်ပါ တော်တော်လေး စိုးရိမ်ခဲ့ရပါတယ်။ ကျွန်တော့်အတွက် ရှေ့လျှောက်ဘယ်လိုဖြစ်လာမလဲဆိုတာလည်း မသိခဲ့ပါဘူး။ ကျွန်တော့်မိသားစုက ကျွန်တော့်ဆုံးဖြတ်ချက်ကို ထောက်ခံကြပေမယ့်လည်း သူတို့က စစ်တပ်နားမှာနေနေကြရတုန်း ဆိုတော့ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ထောက်ခံလို့တော့ မရဘူးပေါ့။ ကျွန်တော့်ကို ဒီခရီးစဉ်တစ်လျှောက် အထောက်အကူဖြစ်စေခဲ့တာကတော့ ပြည်သူက ကိုယ့်ဖက်မှာရှိနေတယ်ဆိုတဲ့အသိပါ။ ကျွန်တော် လမ်းတစ်လျှောက်မှာ ကျွန်တော့်အခြေအနေကို လူတချို့ကို ပြောပြခဲ့တော့ သူတို့က ကျွန်တော့်ကို ထမင်းတွေဝယ်ကျွေးပြီး ကျွန်တော့်အတွက် ဂုဏ်ယူတယ်လို့ ပြောခဲ့ကြပါတယ်။

အခုတော့ ကျွန်တော် ပြည်သူ့စစ်သားအဖွဲ့နဲ့ အလုပ်ကြိုးစားလုပ်နေပါတယ်။ စစ်သားတွေ ပြည်သူဖက်မှာ ရပ်တည်ကြဖို့ ကျွန်တော် မျှော်လင့်ပါတယ်။ ထွက်လာချင်ပေမယ့် ကြောက်ကြတဲ့လူတွေအတွက် ကျွန်တော်ပြောလိုတာကတော့ ပြည်သူ့စစ်သားအဖွဲ့ကို ယုံကြည်ပေးပါ။ အခက်အခဲတွေအကုန်လုံးကို ကျွန်တော်တို့ ဖြေရှင်းပေးပါ့မယ်။ အကုန်လုံး အဆင်ပြေသွားမှာပါ။ တော်လှန်ရေးအောင်မြင်သွားပြီဆိုရင် ကျွန်တော့်ဘဝကို အရပ်သားတစ်ယောက်အနေနဲ့ပဲ ဆက်သွားချင်ပါတယ်။ ဒါပေမဲ့ အဲ့ဒီအချိန်မတိုင်ခင်အထိ ကျွန်တော် ပြည်သူ့စစ်သားအဖွဲ့ကို ကူညီပေးပြီး သူတို့ရဲ့မစ်ရှင်တွေမှာ ပါဝင်ဆောင်ရွက်သွားမှာပါ။ ဒါတွေအကုန်လုံးက ကျွန်တော့်ရဲ့ နေ့စဉ် ဘဝတစ်စိတ်တစ်ပိုင်း ဖြစ်နေပြီလေ။